KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

# အပြည်ပြည်ဆိုင်ရာအမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေးနေ့

၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့

ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) နှင့် ကရင်အမျိုးသမီးအစည်းအရုံး (KWO) တို့သည်အပြည်ပြည်ဆိုင်ရာအမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေးနေ့အား ထောက်ခံသောအားဖြင့် ဤအစီရင်ခံစာကိုထုတ်ပြန်လိုက်ပါသည်။ နိုဝင်ဘာလ ၂၅ ရက်နေ့သည်အမျိုးသမီးငယ်များနှင့် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုဖြစ်စေသည့်ကျူးလွန်မှုလုပ်ရပ်များကိုသတိမူမိစေရန်နှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများရပ်တန့်စေရန် ၁၉၈၀ ခုနှစ်ကတည်းက စတင်တောင်းဆိုသည့်နေ့တစ်နေ့ ဖြစ်ပါသည်။ သို့သော်လည်း လွန်ခဲ့သောနှစ် ၄၀ ကျော်အတွင်းအကြမ်းဖက်မှုပပျောက်စေရန်အတွက် လုံလောက်သည့်လုပ်ဆောင်မှုများမရှိခဲ့ပါ။ အကြမ်းဖက်မှုသည်ကမ္ဘာတစ်ဝှမ်းလုံးတွင်ရှိသော အမျိုးသမီးများ၏ဘဝတွင်ကြုံတွေ့ရသည့်သွင်ပြင်လက္ခဏာတစ်ရပ်အနေဖြင့် ဆက်လက်တည်ရှိနေပါသည်။ ဤနေ့တွင်သာမက နေ့စဉ်နှင့်အမျှအမျိုးသမီးများအပေါ်ကျူးလွန်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ကျူးလွန်မှုများအပေါ်တာဝန်ယူမှုရှိစေရန် ကျွန်ုပ်တို့မှတိုက်တွန်းလိုက်ပါသည်။

၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် မြန်မာနိုင်ငံအပေါ်ကမ္ဘာ့ကုလသမဂ္ဂ၏ လွတ်လပ်သောစုံစမ်းစစ်ဆေးရေးမစ်ရှင် (IIFF MM) မှမြန်မာနိုင်ငံအတွင်း လိင်ပိုင်းဆိုင်ရာကျားမအခြေပြုအကြမ်းဖက်မှုနှင့်ပတ်သက်သည့် အစီရင်ခံစာအား ထုတ်ဝေခဲ့ပါသည်။ ထိုအစီရင်ခံစာထဲ၌ "ခြောက်လှန့်ခြင်း၊ အကြမ်းဖက်ခြင်း၊ အရပ်သားများအားအပြစ်ပေးခြင်းနှင့် စစ်နည်းပရိယာယ်သဖွယ်ရည်ရွယ်ချက်ရှိစွာလုပ်ဆောင်ခြင်း" နှင့်အတူရခိုင်ပြည်နယ်နှင့် မြန်မာနိုင်ငံမြောက်ပိုင်းတို့တွင် တပ်မတော်မှကျူးလွန်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု အကြောင်းအရာအသေးစိတ်အချက်အလက်များကိုဖော်ပြထားပါသည်။ ထို့ကဲ့သို့သောအလားတူ စစ်နည်းပရိယာယ်များကို တပ်မတော်မှကရင်လူထုအပေါ်နှစ်ပေါင်းများစွာ ကျူးလွန်ခဲ့ကြပါသည်။ လွတ်လပ်သောစုံစမ်းစစ်ဆေးရေးမစ်ရှင်မှ ဤကဲ့သို့သောအကြမ်းဖက်မှုများသည် စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်အပေါ်ကျူးလွန်သော ရာဇဝတ်မှုနှင့်လူမျိုးတုံးသတ်ဖြတ်မှုမြောက်ကြောင်းမှတ်ယူခဲ့ပါသည်။ သို့ဖြစ်သောကြောင့် နိုင်ငံတစ်ကာရာဇဝတ်ခုံရုံး (ICC) သို့ အရေးတကြီးလွှဲပြောင်းပေးရန် အထူးတလှယ်လိုအပ်လျက်ရှိကြောင်း တင်ပြခဲ့သည်။ ကျွန်ုပ်တို့အနေဖြင့်လက်ရှိတွင်မြန်မာနိုင်ငံ၏တရားစီရင်ရေးစနစ်သည် စစ်ဖက်ဆိုင်ရာကိစ္စရပ်များအားတာဝန်ယူဆောင်ရွက်ပေးရန် စွမ်းဆောင်နိုင်ခြင်းမရှိသည့်အပေါ် ဤကဲ့သို့လုပ်ဆောင်ရန်တိုက်တွန်းခြင်းအား လှိုက်လှဲစွာကြိုဆိုထောက်ခံလိုက်ပါသည်။

ကျားမအခြေပြုလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအား ပဋိပက္ခဖြစ်ပွားချိန်အတွင်း၌သာကျူးလွန်ခြင်းမဟုတ်ပဲ အိမ်ထောက်ဖက်အစမ္မပြုကျင့်ခြင်း၊အနှောင့်အယှက်ပေးခြင်း၊တစ်စုံတစ်ဦးအားလိုက်လံချောင်းမြောင်းခြင်း၊ယဉ်ကျေးမှုထုံးတမ်းစဉ်လာကျင့်ထုံးများ ကျင့်သုံးခြင်း၊ သို့မဟုတ် မျိုးဆက်ပွားအခွင့်အရေးကိုချိုးဖောက်ခြင်း စသည်တို့လည်းပါဝင်နေပါသည်။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှလွတ်မြောက်လာသူများသည် ၎င်းတို့အပေါ်ကျူးလွန်ခဲ့သောပြစ်မှုနှင့် စပ်လျဥ်း၍မကြာခဏအပြစ်တင်ဝေဖန်ခံရလေ့ရှိသည်။ ၎င်းတို့၏ဝတ်စားဆင်ယင်ပုံ သို့မဟုတ် ပြုမူနေထိုင်ပုံများကြောင့်ကျူးလွန်ခံရခြင်းဖြစ်သည်ဟု အိမ်နီးနားခြင်းနှင့် မိသားစုဝင်များကပါအပြစ်တင်အရှက်ခွဲတတ်ကြသည်။ အစမ္မပြုခံရခြင်း သို့မဟုတ်အကြမ်းဖက်ခံရခြင်းတို့သည်မည်သည့်အခါမျှကျူးလွန်ခံရသူအမျိုးသမီးများ၏အပြစ်မဟုတ်ချေ။

အမျိုးသမီးများသည် တရားမျှတမှုရှာဖွေသည့်အချိန်တွင် တရားစီရင်ရေးစနစ်များသည် လွပ်လပ်မှုမရှိခြင်း၊ နည်းလမ်းမှန်ကန်မှုမရှိခြင်း၊ တာဝန်ယူမှုတာဝန်ခံမှုမရှိခြင်း၊ဖယ်ကျဉ်ခံရခြင်းအပြင်အမျိုးသားများမှကြီးစိုးနေခြင်းများ

နှင့်ကြုံတွေ့နေရပါသည်။ အမျိုးသားများကြီးစိုးသောတရားစီရင်ရေးစနစ်သည်အန္တရာယ်ရှိသော တရားစီရင်ရေးဆိုင်ရာဓလေ့ ထုံးတမ်းတစ်ခုအဖြစ်ဆက်လက်တည်ရှိနေပါသည်။ သို့ဖြစ်ပါ၍ မြန်မာအစိုးရအနေဖြင့် အမျိုးသမီးများအပေါ် ပုံ စံအမျိုးမျိုးဖြင့်ကျူးလွန်သောအကြမ်းဖက်မှုများဘေးမှ ကာကွယ်ပေးရန်လိုအပ်ပါသည်။ အမျိုးသမီးငယ်များနှင့် အမျိုးသမီးအားလုံး၏ အခွင့်အရေးအား လေးစားခြင်း၊ အကာအကွယ်ပေးခြင်းနှင့် ဖြည့်ဆည်းပေးခြင်းများရှိလာစေရန်အတွက်အစိုးရမှဦးစားပေးလုပ်ဆောင်ရမည်ဖြစ်ပါသည်။

ထပ်မံတလဲလဲဖြစ်ပေါ်လျှက်ရှိနေသော ကျား၊မအခြေပြုလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများတွင် ရာဇဝတ်မှုကျူးလွန်သူများအားလုံးကိုတာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်အတွက် ဥပဒေရေးရာယန္တရားများကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းရန်နှင့် ပိုမိုအားကောင်းခိုင်မာလာစေရန်အတွက် အရေးတကြီးလုပ်ဆောင်ရန်လိုအပ်နေပါသည်။ ပြစ်ဒဏ်မှကင်းလွတ်ခွင့်အလေ့အထများကြောင့် အမျိုးသမီးများအပေါ်အကြမ်းဖက်မှုလုပ်ရပ်များ ပိုမိုဖြစ်ပေါ်စေပါသည်။ KHRG နှင့် KWO တို့အနေဖြင့် တာဝန်ယူမှုတာဝန်ခံမှုအတွက် သေချာစေရန်ထပ်မံတောင်းဆိုလိုပါသည်။ နိုင်ငံတော်သည် တပ်မတော်မှကျူးလွန်သောရာဇဝတ်မှုများအပေါ် ပြစ်ဒဏ်ကင်းလွတ်ခွင့်ပေးခြင်းအား အဆုံးသတ်ရမည်။ ကျား၊မအခြေပြု လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကျူးလွန်သူများအား အရပ်ဘက်တရားရုံးများတွင်အရေးယူဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

အကြမ်းဖက်ခံရသည့် အမျိုးသမီးများ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့်အမျိုးသမီးများအား အကြမ်းဖက်ခြင်းမှကာကွယ်တားဆီးရန်အတွက် အစိုးရမှလိုအပ်သည့်ဥပဒေရေးရာယန္တရားများကို ထားရှိပေးရမည်ဖြစ်သည်။ လူတိုင်းသည် ဥပဒေ၏အကာအကွယ်ကိုတန်းတူညီမျှစွာရရှိပါကအစိုးရသည် ၎င်းတို့၏ဥပဒေပိုင်းဆိုင်ရာကျင့်ဝတ်နှင့် တာဝန်ဝတ္တရားများကို ဘက်လိုက်မှုမရှိပဲ လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။ အမျိုးသမီးများသာမက အမျိုးသားများနှင့်လူမှုအသိုက်အဝန်းတစ်ရပ်လုံးမှ အမျိုးသမီးများအပေါ်အကြမ်းဖက်ခြင်းအားကာကွယ်တားဆီးရာတွင်တာဝန်ရှိပါသည်။ အမျိုးသမီးများအပေါ် စိတ်ပိုင်း၊ရုပ်ပိုင်ဆိုင်ရာ အကြမ်းဖက်သည့်လုပ်ရပ်များကိုတွေ့မြင်ကြားသိခဲ့ပါက တရားမျှတမှုရရှိရန်အတွက် လုပ်ဆောင်ပေးရန် ကျွန်ုပ်တို့အားလုံး၏ တာဝန်ပင်ဖြစ်ပါသည်။ ထိုသို့တရားမျှတမှုရရှိရန်ကြိုးပမ်းသူများကိုလည်း ဥပဒေအရအကာအကွယ်ပေးရမည်ဖြစ်ပါသည်။

ခြုံငုံသုံးသပ်ကြည့်မည်ဆိုပါက ကမ္ဘာ့ကုလသမဂ္ဂကျား၊မမညီမျှမှုညွှန်းကိန်း (United Nations Gender Inequality Index) တွင် နိုင်ငံပေါင်း (၁၈၉) နိုင်ငံအနက် မြန်မာနိုင်ငံသည် စိတ်ပျက်ဖွယ်အဆင့် (၁၄၈) တွင်ရှိနေပါသည်။ အမျိုးသမီးများသည်ဆုံးဖြတ်ချက်ချရသည့်အခန်းကဏ္ဍများတွင်ပိုမိုပါဝင်လုပ်ဆောင်လာနိုင်ရန်အတွက် ဥပဒေနှင့် မူဝါဒများအားရေးဆွဲပြဌာန်းရန်လိုအပ်ပါသည်။ လွန်ခဲ့သည့် (၇) နှစ်ကျော်ကလွှတ်တော်တွင်အဆိုတင်သွင်းခဲ့သည့်အမျိုးသမီးများအား အကြမ်းဖက်ခြင်းမှကာကွယ်တားဆီးသည့်ဥပဒေ (PoVAW) ကို မြန်မာအစိုးရမှအမြန်ဆုံးအတည်ပြုပြဌာန်းပေးရန်လိုအပ်ပါသည်။ အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားမှုပပျောက်ရေးဆိုင်ရာသဘောတူစာချုပ် (CEDAW) ကိုလက်မှတ်ရေးထိုးခဲ့သည့်မြန်မာအစိုးရသည် နိုင်ငံအတွင်းရှိအမျိုးသမီးများ၏အခွင့်အရေးများကိုကာကွယ်စောင့်ရှောက်ရန်အတွက်နိုင်ငံတကာလူ့အခွင့်အရေးစံချိန်စံနှုန်းများကိုလေးစားလိုက်နာရန်အထူးလိုအပ်ပါသည်။

ကျွန်ုပ်တို့မှအမျိုးသမီများအားအကြမ်းဖက်သည့်ဖြစ်ရပ်များတိုးများလာသည်ကိုမြင်တွေ့ခဲ့ကြရသည်။ထို့ကြောင့်၊ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုများလျော့နည်းသွားရန် ကျွန်ုပ်တို့မှ စွမ်းစွမ်းတမံကာကွယ်ရမည်ဖြစ်ပါသည်။ အမျိုးသမီးများအပေါ်အကြမ်းဖက်ခြင်းအား ချက်ချင်းရပ်တန့်ရန် အရေးကြီးပါသည်။ ကျား၊မအခြေပြုလိင်ပိုင်းဆိုင်ရာအကြမ်းဖက်များ ပပျောက်အောင်လုပ်ဆောင်ရန် လူတိုင်းတွင်တာဝန်ရှိပါသည်။ နောင်လာမည့်မျိုးဆက်သစ်အမျိုးသမီးငယ်များအားလုံးအတွက်၎င်းတို့၏ဘဝနှင့် လုပ်ဆောင်နိုင်စွမ်းများကိုဆိုးကျိုးသက်ရောက်စေမည့်အကြမ်းဖက်မှုများမရှိသောကမ္ဘာသစ်တစ်ခုအား တည်ဆောက်ကြပါစို့။

ဆက်သွယ်ရန်

နော်ထူးထူး - +66 (0) 87-205-1856

နော်ကညောဖော - +66 (0) 81-029-5503